

# မြောက်မှားကာ
# အလွမ်းရာသီ

စံပယ်ဖြူနု

သစ်ပင်များ တစ်ပင်နှင့် တစ်ပင် ခေါင်းချင်းဆိုင်နေသလို သစ်ရွက် သစ်ခက်ချင်း ထိစပ်နေသော မှို င်းညှို့ညှို့တောထဲတွင် လမ်းမရရအောင် ရှာဖွေ၍ ကျွန်မ လျှောက်လာသည် ။ အချို့နေရာများ တွင် လမ်းပင် ပျောက်သွားသည် ။ ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်ပိတ်ဆို့လျက်။ ပင်ကိုက လမ်းမမည်သော တောတိုးလမ်းလေးသည် ချုံနွယ်တို့ ကို ဦးခိုက်လျက် ပျောက်သွားတတ်သည် ။

သည် သို့ ကြုံရလျှင် လှည့်ပြန်ရလေမလားဟု ကျွန်မ အခါခါ တွေး ရသည် ။ အမှန်တော့ မောပန်းလှပြီ။ လမ်းပိတ်နေပြီဆိုလျှင် နေရာမှာ ပင် ပုံလဲလိုက်ချင်သည် ။ ခွေခေါက်နေချင်သည် ။ ခုနေ ခေါင်းချလိုက်ရင် အိပ်ပျော်တော့မှာ ပဲ။

နောက်ဘက်သို့ ငဲ့ကြည့်လျှင် ကျွန်မ နင်းခဲ့သော မြက်ပင်တို့ သည် ပိပြားလျက်။ တောလမ်းကလေးမှာ မညီမညာ ကောက်ကွေ့လျက်။ တွေ ဝေသော စိတ်သည် အားငယ်ခြင်းကိုပါ ဖြစ်စေသည် လား။ လည်ပြန် ငဲ့ကြည့်ခြင်းသည် စိတ်ဓာတ်ကြွခိုင်လှပါသည် ဟု ကိုယ့်ကိုယ်ကိုယ် မြင်စ မြဲဖြစ်သော ကျွန်မစိတ်ကို ရုတ်ချည်းပျော့ညံ့စေသည် ။ ငိုချင်စိတ်က ဖြုန်း ကနဲ ဝင်လာသည် ။ လှည့်ပြန်ရင် ကောင်းမလား။

သို့သော် မဖြစ်။ ကျောခိုင်းရာအရပ်သို့ အရှုံးပေး လှည့်ပြန်ဖို့ ရာ ကျွန်မ သည် လမ်းကို အစပြုခဲ့ခြင်းမဟုတ်။ မရောက်ရောက်အောင်

သွား ရမည်။

နောက်ဆုံးတော့လည်း ကျန်သမျှ ခွန်အားကိုပင် လက်ချောင်းများ ထဲသို့ စု၍ ပို့လိုက်ရသည့် နှယ် ချုံနွယ်တို့ ကို ရှင်းရသည် ။ ဆူးနွယ်ခက်တို့ ရှ၍ သွေးစို့သည် ကိုပင် မသုတ်အား။ မနာကျင်နိုင်။ မခံစားနိုင်။ လမ်း တစ်စပေါ်လာသည့် နောက် တိုးထွက်ရပြန်သည် ။ လူတစ်ယောက် လျှောက်သာရုံ ပေါ်လာသည့် လမ်းကလေးပေါ် လျှောက်ရပြန်သည် ။

သည် လိုနှင့် ပင် သစ်ပင်အုပ်အုပ်၊ ချုံနွယ်ပိတ်ဆိုင်းဆိုင်းတို့ ကို ကျွန်မ အတန်တန်ဖြတ်လာခဲ့ပြီ။ ခြေထောက်များကို မသယ်ချင်။ မသယ်နိုင်တော့ ဘူးဟု ပင် အခါခါ ထင်သည် ။ သို့သော်လည်း စိတ်ကဆောင်ဆဲ။ ခြေတစ် လှမ်းအရုတ်တွင် နောက်ထပ် ခြေတစ်လှမ်းက အလိုလို လှမ်းပြီးဖြစ်နေ လေသည် ။

ကျွန်မ တိုးဝင်ခဲ့သော တောမှာ နက်နေ၏။ အကောင်ပလောင်တို့ ၏ စိုးစိုးစီစီ မြည်သံ၊ လေတိုးသံမှ အပ လူသံသူသံ ကင်းဝေးလျက်။ သစ်ရွက် သစ်ခက်များ အကြား၊ ဝါးရွက်များ အကြား တိုးဝင်သော လေသံသည် ဂီတပမာ မြည်သံဖြင့် ကျွန်မ ဝန်းကျင်တွင် လှုပ်မြူးနေသည် ။ သည် အသံ သာ မရှိတော့လျှင် ခုထက်ပိုပြီး ခြောက်ခြားနိုင်သည် ပင်။ရှေ့တွင် တော့ လူတစ်ယောက် လျှောက်သာရုံ လမ်းကလေးက မျက် စိတစ်ဆုံး ပေါ်နေပြီ။ နောက်တစ်ကြိမ် လမ်းပျောက်မည့် အရေး ဝေးပြီဆို သည့် အတွေးက ပျော့ညံ့ယိုင်လဲလုလုစိတ်ကို ထူမတ်စပြုသည် ။

တော၏ ဝန်းကျင်ကို စူးစမ်းရင်းက နွယ်များ လမ်းပေါ်သို့ ကိုင်းကျ နေသည် ကို သတိနှင့် ဖယ်ရှား၍ ကျွန်မ လျှောက်လာသည် ။ လေတိုးသံ

ကို နားစွင့်သည် ။ စိတ်သည် ရှင်းသထက် ရှင်းလာ၏။ တစ်ခုတည်းသော အသိကတော့ လမ်းကို မရပ်ဘဲ ဆက်လျှောက်ရန်။ နောက်ကျောတွင် သေခြင်းတရားက ထပ်ကြပ်ပါလာသလို ထိတ်လန့်ခြင်းဖြင့် မနားမနေ လျှောက်ရန်။

မကြာသေးခင်ကတော့ တောထဲ၌ မိုးရွာခဲ့သည် ။ မိုးစက်ပေါက်တို့ သည် သစ်ရွက် သစ်ခက်များကို ဖြတ်ကာ မြေပေါ် ခုန်ဆင်းခဲ့ကြသည် ။

မိုးတသိမ့်သိမ့် ရွာချစဉ်က ခက်လက်ဝေသော သစ်ပင်တစ်ပင် အောက် ခိုနေခဲ့ရသည် ။ စေ့ပိတ်နေသော သစ်ရွက်တို့ သည် ကျွန်မကို မိုးဒဏ်က အနည်းငယ်တော့ ကာကွယ်ပေးနိုင်ပါသည် ။ တစ်ကိုယ်လုံး တော့မစို။ ခေါင်းကမူ မဆိုစလောက်စိုနေသည် ။ အဝတ်များက စိုထိုင်း ထိုင်း။ မိုးစဲလျှင်တော့ လေအတိုးနှင့် အဝတ်များ ခြောက်နိုင်၏။ ခက် သည် မှာ လေက အေးလွန်းခြင်းဖြစ်သည် ။

မိုးလေ တသုန်သုန် တိုးတိုက်သည် ကို အံကြိတ်၍ နေရသည် ။ သွား များ စေ့ထားသည့် ကြားက တဂတ်ဂတ် မြည်ချင်သည် ။ လူက တဆတ် ဆတ်တုန်ချင်သည် ။

မိုး စဲလေသော် အပင်အောက်က ခွာရသည် ။ ခရီးဆက်ရသည် ။ နောက်ကျ၍ မဖြစ်။ ခြေတစ်လှမ်းမျှ နောက်ကျခဲ့သော် အရာရာ ပြောင်း လဲတော့မလို စိတ်၌ ထင်နေ၏။

သစ်ရွက်တို့ ပေါ်တွင် ရေစက်ရေပေါက်များ တင်ကျန်ခဲ့ကြသည် ။ ခုတော့ တစ်ပေါက်ချင်း မြေပြင်သို့ ခုန်ဆင်းလျက်။ ကျွန်မ ခေါင်းပေါ် သို့လည်း တစ်ပေါက်၊ နှစ်ပေါက်ကျလာတတ်သည် ။ ဆံပင်ကို တစ်ချက် နှစ်ချက်သပ်၍ ခါယမ်းလိုက်တော့ ရေစက်လေးများ လွင့်စင်သွားသည် ။

ကောက်ကွေ့သော လမ်းကလေးသည် တစ်နေရာတွင် ဆုံးသွားပြန်သည် ။ စောစောက တင်းထားသော စိတ်က ခြေကုန်လက်ပန်းကျစပြုလာသည် ။ လမ်းပျောက်ပြန်ပြီလား။

လမ်းအဆုံးတွင် ခြုံနွယ်တို့ က ထုံးစံအတိုင်း ပိတ်လျက်သား။ မလှုပ်နိုင်တော့သလို နာကျင်နေသည် ကို မေ့ဖျောက်ကာ လက်ချောင်းများကို အလုပ်ပေးရပြန်သည် ။ နွယ်တစ်စချင်းကို ဖယ်ရသည် ။ ဆူးများကိုလည်း မမှုတော့ပြီ။ သွေးထွက်သည် ကိုလည်း မနာတတ်တော့သလို ထုံနေပြီ ထင်ပါသည် ။

ချုံနွယ်တို့ ရှင်းပြီ။ မြင်ကွင်းတစ်ခုက ဘွားကနဲပေါ်လာသည် ။ သည်တစ်ကြိမ် မြင်ကွင်းကတော့ အခါများ စွာကလိုမဟုတ်။ တောလမ်းလေးမဟုတ်။ မြင်ကွင်းကျယ်။

မြင်ကွင်းကား အစိမ်းရောင်လွှမ်းလျက်။ သစ်ပင်စိမ်းစိမ်းကို နောက်ခံထားသည့် မြက်ပင်စိမ်းစိမ်း မြေပြန့်ကျယ်ကျယ်။ မြက်ပင်စိမ်းစိမ်းကြားက တစ်စွန်းတစ်စပေါ်နေသည့် မြေသားကား နီစွေးလျက်။

အစိမ်းရောင်မြင်ကွင်း၏ လှပမှု၊ နှစ်လိုဖွယ်ကောင်းမှုတို့ နှင့် ဆန့်ကျင်ဖက်ဖြစ်သည့် အရုပ်ဆိုးအကျည်းတန်သော၊ နာကျင်ဖွယ်ရာသော အခြင်းအရာကိုလည်း ကျွန်မ မြင်နေရသည် ။ မြက်ပင်စိမ်းစိမ်းတို့ ပေါက်ရောက်နေသော မြေပြင်ကျယ်တွင် လူတစ်ယောက်ခွေလဲလျက်ပါတကား။ တစ်နည်းအားဖြင့် သွေးအိုင်ထဲက လူ။ အမျိုးသမီးတစ်ဦး။

အမျိုးသမီးသည် ပက်လက်အနေအထားဖြင့် လဲကျ၍ နေသည် ။ လက်တစ်ဖက်ကား ရင်ဘတ်ပေါ်တင်လျက်သား။ တစ်ဖက်ကမူ မြေပေါ်တွင် ။ ခြေထောက်နှစ်ချောင်းကမူ သည် လို မခွေလဲခင်က မချိမဆန့်ပြိုလဲရ ပါသည် ဟု ပြောပြနေသယောင်အနေအထားဖြင့်

ဒူးညွတ်ဟန် ခွေခေါက် လျက်။

ဆံနွယ်များ သည် သွေးအိုင်ထဲတွင် ရော မြက်ခင်းများ ပေါ်တွင် ပါ ပြန့် နေသည် ။ လုံချည်စသည် ခြေသလုံးများ ပေါ်အောင် လိပ်တက်လျက်။ အပြေးပြေး အလွှားလွှား အလဲလဲအပြိုပြိုဟန်။ မျက်နှာကမူ တစ်ဖက်သို့ လည်ပြန်စောင်းကျနေသည် ။

ကျွန်မသည် ရင်တဒိတ်ဒိတ် ခုန်လာ၏။ ခြေလှမ်းများက အလိုလို ရှေ့သို့ တိုးရသည် ။ နှလုံးခုန်သံနှင့် လိုက်အောင် ခြေလှမ်းများက ခပ်မြန်မြန် တစ်ထပ်တည်း စည်းချက်ကျနေသည် ။

အမျိုးသမီးအနီးသို့ ရောက်သည် ။ ဒူးထောက်၍ သူ့ကို ပွေ့ထူမိသည် ။ အသက်ငွေ့ငွေ့လေး ကျန်နေသေးသလို။ နှလုံးကလည်း ခုန်နေသေးသလို။ မျက်လုံးများက စေ့ပိတ်လျက်။ နှုတ်ခမ်းအစုံကမူ တစ်စုံတစ်ခုကို ပြောထွက်တော့မလို တလှုပ်လှုပ်။ အသက်ကို အားတင်း၍ ရှူရှိုက်နေပုံ။

နီရဲသော သွေးစသည် သူ့အင်္ကျီတွင် ဝမ်းဗိုက်ဆီမှ ပြန့်လာသည် ။ ဒဏ်ရာသည် ဝမ်းဗိုက်တွင် ရှိနေသည် လား။ သွေးတို့ ကမူ ယိုစိမ့်မှု အားကောင်းကာ သွေးထွက်လွန်ခဲ့ပြီထင်သည် ။ မြက်ပင်များကိုပင် ကူးစက်ခဲ့ပြီ။ သူ့အဝတ်တွင် စွန်းထင်းရုံမက ကျွန်မ အင်္ကျီကိုပင် စွန်းပေစေခဲ့ပြီ။

အရင်ကတော့ သွေးစမြင်လျှင် မူးမေ့တော့မလို ကျွန်မ ထိတ်လန့်တတ်သည် ။ တစ်သက်နှင့် တစ်ကိုယ် လူတစ်ယောက်ကို သည် လို ဒဏ်ရာနှင့် ၊ သွေးအိုင်နှင့် တွေ့ရလိမ့်မည်မထင်ခဲ့။ မတွေးခဲ့စဖူး။ ခုတော့ တွေ့တွေ့ဆိုင်ဆိုင်။ ကျွန်မသည် ကြောက်လန့်ဖို့ ပင် မေ့လျော့ကာ သူ့ကို ဘယ်လို ကူညီရပ့ါဟု သာ အပြေးအလွှား စဉ်းစားနေမိသည် ။

တောနက်ထဲမှာ ကျွန်မ အော်လျှင်ပင် ဘယ်သူမှ ကြားနိုင်မည်မဟုတ်။ သူ့ကို ရန်ပြုသွားသူတို့ ကရော ကြားနိုင်မည်လား။ အို၊ သေစေခဲ့သူကတော့ ဘာကြောင့် များ ကယ်ဆယ်ဦးမလဲ။ ရှင်ကျန်ရစ်သော ကျွန်မ ကိုပင် ရန်မရှာဘူးမပြောနိုင်။ သူ့ကို ပွေ့ချီသွားရလျှင်ရော။ ဒါကတော့ စိတ်ကူးနှင့် သာဖြစ်နိုင်မည်။ ရှေ့တွင် ဘယ်လမ်းဘယ်စခန်းကို ရောက် လိမ့်မည်ဟု ကျွန်မ မရေရာ။ တောက မဆုံးတော့ဘူးလား။

ဆောက်တည်ရာမရသောခံစားမှုဖြင့် ကျွန်မ ပူလောင်လာပါသည် ။ လမ်းဆုံးပြီ။ ကူကယ်ရာလမ်းလည်း မရှိတော့ပြီ။

ကျွန်မ ငေးငိုင်နေဆဲ သူ တစ်ချက်မျှ လူးလွန့်လိုက်ပါသည် ။အသက်ဓာတ်သည် မကြာမီတွင် ညှိုးကျတော့မလို ထင်ရသည် ။

ဘာကြောင့် မှန်းမသိ စီးကျလာသော မျက်ရည်တစ်ပေါက်ကို တို့သုတ်ရင်းက ရင်ခွင်ထဲက အမျိုးသမီးငယ်ကို စေ့စေ့ကြည့်မိသည် ။ အသားလတ်လတ်၊ ပုံကျလှပသော မျက်ခုံး၊ မျက်တောင်ရှည်ရှည်။ နှုတ်ခမ်းများက ပိပိရိရိ။ မျက်ဝန်းများကလည်း ဖွင့်ထားပုံကို မြင်ရလျှင်တော့ နက်မှောင်လှပလောက်ပါရဲ့ ။

နေပါဦး၊ သည် မျက်နှာကို မြင်ဖူးလိုက်တာ။ သူ့ကို ရင်းရင်းနှီးနှီး သိသည် ဟု ကျွန်မ ထင်သည် ။ လှပနုနယ်သော မျက်နှာ။ တွေးကြည့်တော့လည်း အရာရာ ဝေဝေဝါးဝါး။ မြင်တော့မြင်ဖူးသည် ။ ဘယ်မှာ ပါလိမ့်။ နှစ်ကာလရှည်ကြာ ရင်းနှီးခဲ့သောမျက်နှာလိုလို။

နောက်တစ်ကြိမ် ဇဝေဇဝါ ငုံ့ကြည့်တော့ အမျိုးသမီးငယ်က မျက်တောင်များကို တစ်ချက် နှစ်ချက် ပုတ်ခတ်လိုက်သည် ။ မျက်လုံးကို ဖျတ် ခနဲ ဖွင့်လိုက်ပါသည် ။ မျက်လုံးချင်း ဆုံသည် ။ အို၊ သူ့ကို ကျွန်မ

သိပြီ။

''မမ''

ခေါ်သံသည် အမျိုးသမီးငယ်၏ နှုတ်က ထွက်ကျလာပါသည် ။ ကျွန်မ စိတ်လှုပ်ရှားစွာ တစ်ချက်မျှ ရှိုက်ငင်လိုက်သည် ။

ညီမလေး။ ကျွန်မ၏ ညီမလေး။ သည် တောနက်သို့ ကျွန်မ တိုးဝင်လောက်အောင် စိတ်နှလုံးကို ဆွဲခေါ်ခဲ့သော ညီမလေး။ သို့သော် သူ့ကို သည် လို မြင်ရလိမ့်မည်ဟု ကျွန်မ ဘယ်တုန်းကမှ မတွေးခဲ့။ သူ့ကို ပစ်ထားခဲ့သည့် ခုနစ်နှစ်လောက်အတွင်း သည် လို ပြန်လည်ဆုံတွေ့ရမည်ဟု ကျွန်မ နည်းနည်းမှ စိတ်ကူးမရှိခဲ့စဖူးပါ။ ခုတော့ နာကျင်ဖွယ်အဖြစ်က ကျွန်မ ရှေ့၌ ကိုယ်ထင်ပြနေခဲ့လေပြီ။

''မမလိုက်လာမှာ အဆိုင်း အစကတည်းက သိသားပဲ၊ ဒါကြောင့် စောင့်နေတာ''

အို..။ ညီမလေး မျက်နှာပေါ်က မေတ္တာတရားသည် နှစ်များ စွာကလို ပီပြင်ဆဲ။ သူ့ကို ဘယ်တုန်းကမှ လှည့်မကြည့်ခဲ့သော အစ်မလုပ်သူအပေါ် မနာတတ်သော အရိပ်သည် ညီမလေး၏ မျက်နှာပေါ်တွင် လွှမ်းနေ၏။ သည် အခြေအနေမှာ တောင် သူ ကျွန်မကို စောင့်နေခဲ့သလား။

စကားတစ်ခုခုကို ကျယ်ကျယ်လောင်လောင် ပြောပြလိုက်ချင်သည် ။ မမကို ခွင့်လွှတ်ပါ။ အားတင်းထားပါဦးကွယ်။ သို့သော် စကားလုံး တစ် လုံးမျှ တွန်းကန်ထွက်မလာ။ လည်ချောင်းအတွင်း၌ တစ်စုံတစ်ရာ ဆို့ပိတ် ထားသလို တင်းကျပ်နာကျင်နေသည် ။ စကား ပြောထွက်မည့် အစား မျက်ရည်သာ တွေတွေကျလာသည် ။

ညီမလေးက နှုတ်ခမ်းများကို လှုပ်လိုက်သည် ။ သို့သော် စကားသံ

ထွက်မလာ။ မေးတစ်ချက်ထိုးသည် ။ ခန္ဓာကိုယ်က လူးလွန့်သွားသည် ။ နောက်တစ်ကြိမ် မေးထိုးသည် ။ နှုတ်ခမ်းကို အားတင်းဖွင့်ဟပြန်သည် ။ ညီမလေးရေ...။

ဝေဒနာခံစားရပုံသည် ကျွန်မ နှလုံးကို ဆုပ်ခြေလျက်။ သူ့လက်များကို မြဲမြဲဆုပ်ကိုင်ထားမိသည် ။ သည် လို ဆုပ်ထားလျှင်ပင် ဆွဲခေါ်ထားနိုင်တော့မလို။

''ညီမလေး''

ငိုသံစွက်သော ခေါ်သံသည် ညီမလေး၏ မျက်နှာပေါ်၌ အပြုံးတစ်ပွင့် ဖျတ်ခနဲရောက်လာစေသည် ။ သည့် နောက် မျက်လုံးများ စေ့ပိတ်သွားပြီ။ ခေါင်းကလေး စောင်းကျသွားပြီ။ ဘဝတွင် ပထမဆုံးနှင့် နောက်ဆုံးသော ခေါ်သံတစ်ခုကို ညီမလေး သယ်ဆောင်သွားခဲ့လေပြီ။

အမှောင်သည် တဖြည်းဖြည်း ဆိုင်းညို့လာ၏။ ကျွန်မသည် ညီမလေး၏ ခန္ဓာကိုယ်ကို တင်းတင်းပွေ့ဖက်ထားမိသည် ။ ခုတော့ ကျွန်မ ဘာမှ မတတ်နိုင်တော့ပါ။ ညီမလေးကို လက်လွှတ်ခဲ့ရပြီ။

''ညီမလေး၊ ညီမလေးရေ''

မကြားနိုင်တော့မှ တသွင်သွင် ခေါ်သူကို ညီမလေး ခွင့်လွှတ်ပါတော့။ မျက်ရည်များက တာကျိုးပေါက်သည့် ရေများ နှယ် သွန်ကျလာတော့ ကျွန်မသည် အသက်မဲ့ခန္ဓာပေါ်သို့ မျက်နှာအပ်လိုက်ပါသည် ။

သည် မှာ ပင် မိုးက သွန်ချလာတော့သည် ။ ခေါင်းမော်ကြည့်တော့ ကျွန်မ မျက်နှာပေါ်သို့ မိုးစက်များ ပြေးကပ်လာသည် ။ လေကလည်း အေးအေးစက်စက်။ အို၊ မိုးပေါက်များက မျက်နှာကို နာကျင်စေသလို။

ကျွန်မ မျက်စိကို စုံမှိတ်လိုက်သည် ။ ခေါင်းကို တစ်ချက်မျှ ခပ်ပြင်းပြင်းခါ ယမ်းလိုက်ပါသည် ။

စေ့ပိတ်ထားသော မျက်လုံးများကို ဖွင့်လိုက်လျှင်တော့ မြင်ကွင်းသည် ပြောင်းလဲလျက်ရှိပြီ။

ကျွန်မ ရှေ့တွင် မြက်ခင်းပြင်မရှိ။ သွေးအိုင်ထဲက ညီမလေး မရှိ။ မိုးကတော့ အမှန်ပင် ရွာနေသည် ကို တွေ့ရ၏။ ကျွန်မသည် ခုတင်ပေါ် ပက်လက် အိပ်လျက်သား။ ဒါဖြင့် အိပ်မက်၊ အိပ်မက်လား။

လဲလျောင်းနေရာက ကျွန်မ ကျိုးထလိုက်ပါသည် ။ ပြတင်းဖွင့်ထား၍ မိုးစက်များ အခန်းတွင်းသို့ တိုးဝင်နေသည် ကိုး။ ကျွန်မမျက်နှာ ကို ထိမှန်နေသည် ကိုး။ အခန်းတွင်း ယောင်ကန်းကန်းပင် ဝေ့ဝဲကြည့်မိ သည် ။ အခန်းကတော့ ကျွန်မ အခန်းမဟုတ်ပါ။ ဘယ်ရောက်နေတာ ပါလိမ့်။ အိပ်မက်ဆိုတာကတော့ သေချာသည် ။ သို့သော် နှလုံးက ခပ်မြန် မြန် ခုန်လှုပ်ဆဲ။ မျက်ရည်များက ပါးပြင်ပေါ် စီးကျနေဆဲ။

သေသေချာချာ ပြန်စဉ်းစားကြည့်တော့မှ ရန်ကုန်က ကျွန်မ အခန်းလေးထဲ မဟုတ်သည် ကို သတိရလာသည် ။ မြစ်ကြီးနားက တည်းခိုနေရာ အခန်းထဲ ရောက်နေသည် ကို သတိရလာသည် ။ ခရီးရှည်ထွက်ရန် အစပြုလာသည် ကို သတိရလာသည် ။ ကျွန်မ၏ ခရီးဆုံး ပန်းတိုင်က ညီမလေးဖြစ်သည် ကိုလည်း တစစ မှတ်မိလာပါသည် ။

ကျွန်မသည် ညီမလေးကို ရှာဖွေရန် မိုင်ပေါင်း ရာချီသော ခရီးသို့ ထွက်လာရသည် ။ ခုမှ ခရီးအစသာရှိသေးသည် ။ အရာရာ မရေရာသေး။ ညီမလေး ရှိသောအရပ်ကိုပင် ကျွန်မ မသိရသေး။ အစတစ်စပင် မဖမ်းဆုပ် မိသေး။

သံယောဇဉ် ကင်းဟန် စိမ်းပြတ်ပြတ်နေတတ်သော အစ်မအပေါ် အချစ်ပိုခဲ့သည့် မိန်းကလေးသည် ခုတော့ ဘယ်အရပ်တွင် ရှိလေသည် မ သိ။ သူရှိမည် ထင်သည့် အရပ်များ သို့ သွားရာလမ်းသည် ချောချောမွေ့ မွေ့ပင် ရှိမည်မဟုတ်။ စစ်၏ အရိပ်လွှမ်းလျက်ရှိရာ အန္တရာယ်က အချိန် မရွေး လက်တစ်ကမ်းသို့ ရောက်လာနိုင်သည် ။ သို့သော် ကျွန်မ သူ့ကို ရှာဖွေရန် အသင့်ဖြစ်နေပြီ။ ချစ်ခြင်းမေတ္တာက ကျွန်မကို စေစားခဲ့ပြီ။

သည် အတောအတွင်း ပူပန်ကြောင့် ကျဆဲ။ ခိုကိုးရာမဲ့ စိုးရိမ်လွင့်မျော စိတ်သည် ခုတော့ ကျွန်မ၏ အိပ်မက်သို့ပင် ပုတ်နှိုးနှောင့်ယှက်လာသည် ။ နာကျင်ဖွယ် အိပ်မက်။ ထိတ်လန့်သွေးပျက်ဖွယ်အိပ်မက်။

အိပ်မက်က လန့်နိုးသော အိပ်ပျော်ရန်ပင် ခက်တော့သည် ။ အိပ်မက် ကို ပြန်တွေးသည် ။ တွေးမိနေသည် ။ သွေးစများ နှင့် ညီမလေးကို တရေး ရေး ပြန်မြင်ယောင်လာသည် ။ ကျွန်မကို စောင့်နေတယ်ဆိုပါလား။ သူ့နှုတ်ခမ်းလေး နောက်ဆုံး လှုပ်ခတ်သွားပုံ။ ကျွန်မကို စူးစိုက်ကြည့် လိုက်သော မျက်ဝန်းလေးများ ။ အဲဒီမျက်ဝန်းတွေမှာ အပြုံးရိပ်ကို တ ကယ့်ပြင်ပမှာ လို မြင်လိုက်ရတာ။

နာကျင်သော စိတ်ခံစားမှုက တရိပ်ရိပ်တက်လာလျှင်တော့ ကျွန်မ မျက်လုံးများကို တင်းတင်းဖိပိတ်ထားမိသည် ။ ပါးပြင်ပေါ်သို့ မျက်ရည်များ တလိမ့်လိမ့်စီးကျလာသည် ။ နှလုံးက ပြင်းပြစွာ နာကျင်ခုန်လှုပ် လာပြန်ပါသည် ။

သူ့ကို မတွေ့ရတော့ဘူးလား။ တွေ့မှ တွေ့ပါတော့မလား။

ကျွန်မသည် အဆုံးမရှိသော ပူပန်မှုချောက်နက်ထဲ လွင့်ကျနေရသလိုပင် မွန်းကြပ်စိုးထိတ်လာပါသည် ။ ပြတင်းပိတ်ထားသည် ကိုပင် မွန်းကြပ်သည် ထင်မှတ်ကာ လေအေးပေးစက်ကို ကယောင်ကတန်း ထဖွင့်မိသည် ။ နောက်မှ အေးမြသည့် အထိအတွေ့ကြောင့် ပြန်ပိတ်သည် ။ ရေတစ်ဖန်ခွက် ထသောက်ရပြန်သည် ။ အခန်းတွင်း၌ သူရူးလို ခေါက် တုံ့ခေါက်ပြန် လျှောက်နေမိသည် ။

နောက်ဆုံးတော့ မောပန်းစပြုကာ ခုတင်ပေါ်တွင် လဲလျောင်းမိပြန်သည် ။ စိတ်က ခုထိ မငြိမ်။ ငြိမ်အောင် ထိန်း၍ မရ။ မျက်လုံးများကို ဖွင့်လိုက်လျှင်လည်း ညီမလေးနှင့် မြက်ခင်းစိမ်း၊ သွေးနီနီ။ မျက်လုံးပိတ်တော့လည်း သည် မြင်ကွင်းပါပဲ။

တကယ့်တကယ်တော့ တွေးမိတွေးရာ အတွေးများ စွာနှင့် ခြောက်ခြားရသည် မှာ ရက်သတ္တပတ် တစ်ပတ်ကျော်မက ကြာခဲ့ပြီ။ စိုးထိတ်ပူပန် ရသည့် တစ်ချိန်တည်းတွင် ပင် ဆောက်တည်ရာမရသလို နာကျင်သွေး ပျက်ရခြင်းသည် ကျွန်မအတွက် ပြီးခဲ့သောအတိတ်က အကြွေးဆိုလျှင် လည်း မမှားဘူးထင်ပါသည် ။

* * *